## မြန်မာနိုင်ငံမှ 17th ACCSM နှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း

အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (ASEAN Conference on Civil Service Matters - ACCSM) မှ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးများကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အမည်အက္ခရာစဉ်အလိုက် (၂) နှစ်လျှင် (၁) ကြိမ် အလှည့်ကျ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထမ်းဆောင်လျက်ရှိပါသည်။

မလေးရှားနိုင်ငံမှ 16th ACCSM အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ကို ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များအတွက် ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ(၅) ရက်နေ့တွင် ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အကြီးအကဲများအစည်းအဝေး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များအတွက် (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား ကျင်းပရန် အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့ပါသဖြင့် မြန်မာနိုင်ငံ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဦးစီး၍ 'ပြည်သူ့ဆန္ဒနှင့်လူမှုဘဝ သာယာဝပြောပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရေးဆီသို့ (Promotion of Good Governance: Towards Fulfilling People–s Aspirations and Welfare)' ခေါင်းစဉ်ဖြင့် ကျင်းပခွင့်ပြုရန် တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံး၏ ၂၅-၅-၂၀၁၁ ရက်နေ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၃၀-၇-၂၀၁၁ ရက်နေ့ပါ ခွင့်ပြုချက်များဖြင့် အောက်ပါအတိုင်းကျင်းပပြုလုပ်ခဲ့ပါသည်-

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက်သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| (က) | Preparatory Meeting of the 17th ACCSM (27-28 February, 2013) | ရွှေနန်းတော် ဟိုတယ်၊ ပုဂံမြို့ | ၂၅ ဦး | • ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ဆက်လက်ကျင်းပရန်ရှိသည့် ACCSM ဆိုင်ရာ ဆက်စပ်အစည်းအဝေး အစီအစဉ်များကို အတည်ပြုခြင်း<br>• နိုင်ငံအလိုက် တင်သွင်းရမည့် စာတမ်းနှင့် နည်းပညာစာတမ်းများအား ရွေးချယ်အဆိုပြုခြင်း |

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက် သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| (၁) | Training of Trainers for Civil Service from CLMV Countries (17-21 June, 2013) | Park Royal Hotel ၊ ရန်ကုန်မြို့ | ၂၅ ဦး CLV နိုင်ငံများမှ သင်တန်းသား (၅) ဦးစီနှင့် မြန်မာနိုင်ငံ ဝန်ကြီးဌာန ၊ အဖွဲ့အစည်း များမှ သင်တန်း သား (၁၀) ဦး | • လေ့ကျင့်သင်ကြားရေးနိဒါန်း၊ သီအိုရီနှင့် နည်းလမ်းများ၊ တိုက်ရိုက်သင်ကြားပေးရမည့် သူ၏ ကျွမ်းကျင်မှုများ၊ လေ့ ကျင့်သင်ကြားရေး နယ်ပယ် ဝန်းကျင်ဖန်တီးရာတွင်ရှိရမည့် အရည်အသွေးနှင့် အရည် အချင်းများ၊ ပံ့ပိုးဆောင်ရွက် ပေးရမည့် ကျွမ်းကျင်မှုများ၊ သင်ထောက်ကူပစ္စည်းများနှင့် လက်တွေ့လုပ်ဆောင်မှုနည်း လမ်းများ၊ ဗဟုသုတစီမံခန့်ခွဲ ခြင်းနှင့်လေ့ကျင့်သင်ကြားရေး ဆိုင်ရာစီမံခန့်ခွဲမှုသင်ခန်းစာ များကိုသင်ကြားပို့ချပေးခြင်း၊ |
| (၇) | Senior Officials Meeting of the 17th ACCSM (26-27 September, 2013) | အင်းယားလိပ် ဟိုတယ်၊ ရန်ကုန်မြို့ | ၄၉ ဦး | • ၂၀၁၃ ခုနှစ်အတွင်း ကျင်းပခဲ့ သည့် အာဆီယံထိပ်သီး အစည်းအဝေးများ၊ အာဆီယံ လူမှုရေး၊ ယဉ်ကျေးမှု အသိုက် အဝန်းကောင်စီဆိုင်ရာ ဆက်စပ် အစည်းအဝေးများ၊ ACCSM Work Plan (2008 - 2015) တိုးတက်မှုအခြေအနေနှင့် ACCSM + 3 Work Plan (2012 - 2015) အရ ရှေ့ပြေး |

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက် သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| | | | | စီမံကိန်း (၉) ခုအပေါ် သက်ဆိုင်ရာ နိုင်ငံအလိုက် ဆောင်ရွက်မည့် အခြေအနေများ၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အာဆီယံလူ့စွမ်းအား ဗဟိုဌာနများ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ အခက်အခဲများနှင့် လိုအပ်ချက်များအားဆွေးနွေးခြင်း၊ |
| (ဃ) | Seminar on Green Productivity Improvement (17- 21 March, 2014) | ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြင်ဦးလွင်မြို့ | ၃၄ ဦး | • အာဆီယံနှင့် အပေါင်း (၃) နိုင်ငံတို့တွင် အစိမ်းရောင် စီးပွားရေးသို့ အသွင်ကူးပြောင်းရေး၊ ရေဆိုးစနစ်၊ လေထုညစ်ညမ်းခြင်းနှင့် ပိုးမွှားတိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သည့် ဆက်စပ်ကျန်းမာရေးပြဿနာများ၊ မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသောပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှု၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအကြောင်းအရာများကို |

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက် သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| | | | | ဆွေးနွေးခြင်း၊ |
| (c) | Informal Prepartory Meeting (24 Semptember, 2014) | ဆီဒိုးနား ဟိုတယ်၊ ရန်ကုန်မြို့ | ၆၂ ဦး | . အာဆီယံနှင့် အပေါင်း(၃) နိုင်ငံများရှိ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံနှင့် ဆွေးနွေးဘက် (၃)နိုင်ငံရှိနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးတို့၏ အစီအစဉ်များကိုဆုံးဖြတ်အတည်ပြုခြင်း၊ |
| (စ) | 2nd ACCSM+3 Joint Technical Working Group Meeting (24 September, 2014) | ဆီဒိုးနား ဟိုတယ်၊ ရန်ကုန်မြို့ | ၆၂ ဦး | • အာဆီယံနှင့် အပေါင်း (၃)နိုင်ငံတို့၏ လုပ်ငန်းအစီအစဉ် (၂၀၁၂-၂၀၁၅) တွင် ပါရှိသည့် ရှေ့ပြေးစီမံကိန်း (၉) ခုနှင့် ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ရှိသည့် အချက်များကို ဆွေးနွေးခြင်း၊<br>. ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် (၁၈) ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်း |

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက် သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| | | | | အဖွဲ့အစည်းအဝေးများ ဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းလက်ခံ ယူမည့် ဖိလစ်ပိုင်နိုင်ငံက တတိယအကြိမ် အာဆီယံနှင့် အပေါင်း (၃) နိုင်ငံ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ၏ နည်းပညာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့အစည်းအဝေး အတွက် ပြင်ဆင်ထားရှိမှု အခြေအနေများ တင်ပြခြင်း၊ |
| (ဆ) | Forum on Good Governance (25 September, 2014) | ဆီဒိုးနား ဟိုတယ်၊ ရန်ကုန်မြို့ | ၁၅၀ ဦး | • ကောင်းမွန်သော အုပ်ချုပ်မှုကို ထိရောက်စွာအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ အရေးကြီးပုံ၊<br>• အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်း လဲမှုများအပေါ် အကျိုးသက် ရောက်မှုရှိနိုင်မည့် ဝန်ထမ်း စီမံခန့်ခွဲခြင်း၊ ဖွံ့ဖြိုးမှုအတွက် အဓိက ဆောင်ရွက်ရန်လိုအပ် သည့်အချက်များ၊ ဝန်ထမ်း၏ တာဝန်သိမှု၊ တာဝန်ခံမှု အလေ့ အထများ မြှင့်တင်နိုင်ရေးနှင့် ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ တိုးတက်ကောင်းမွန်ရေးတို့ကို |

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက် သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| | | | | တင်ပြဆွေးနွေးခြင်း၊ |
| (၈) | Heads of Civil Service Meeting for the 17th ACCSM (26 September, 2014) | ဆီဒိုးနား ဟိုတယ်၊ ရန်ကုန်မြို့ | ၆၂ ဦး | • အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ် (၂၀၀၈-၂၀၁၅) အရ နိုင်ငံအလိုက် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် တိုးတက်မှုအခြေအနေများကို ဆွေးနွေးခြင်း၊<br>• အာဆီယံ လူမှုရေး ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ လမ်းပြမြေပုံ အကောင်အထည်ဖော်မှု စံနှုန်းသတ်မှတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြခြင်း၊<br>. ရှေ့ပြေးစီမံကိန်း (၉)ခုနှင့် ဒုတိယအကြိမ် အာဆီယံနှင့် အပေါင်း (၃) နိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးချက်များ၊ ၂၀၁၅ ခုနှစ်ကာလအလွန် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ၊ အာဆီယံလူ့စွမ်းအားဗဟိုဌာနများ၏ တွေ့ကြုံ |

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက် သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| | | | | ရမည့် အခက်အခဲနှင့် လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ |
| (၈) | 2nd ACCSM Plus Three Heads of Civil Service Meeting (26 September, 2014) | ဆီဒိုးနား ဟိုတယ်၊ ရန်ကုန်မြို့ | ၆၂ ဦး | • ဒုတိယအကြိမ် အာဆီယံနှင့် အပေါင်း (၃) နိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးချက်များ၊ ၂၀၁၅ ခုနှစ်ကာလအလွန် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ၊ အာဆီယံလူ့စွမ်းအားဗဟိုဌာနများ၏ တွေ့ကြုံရမည့် အခက်အခဲနှင့် လိုအပ်ချက်များကို ဆွေးနွေးခြင်း၊<br><br>• အာဆီယံနှင့် အပေါင်း(၃) နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊<br>• မြန်မာနိုင်ငံမှ ၂၀၁၃-၂၀၁၄ ခုနှစ်များအတွက် (၁၇) ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအဝေးများ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ခြင်း အစီရင်ခံစာကို ပြည်ထောင်စုရာထူးဝန် |

| စဉ် | ကျင်းပသည့် အကြောင်းအရာနှင့် ကာလ | ဟိုတယ်အမည်/ ကျင်းပသည့်မြို့ | တက်ရောက်သည့်ဦးရေ | ဆောင်ရွက်သည့် လုပ်ငန်းများ |
|---|---|---|---|---|
| | | | | အဖွဲ့၊ ဥက္ကဋ္ဌ ဦးကျော်သူက တင်ပြခြင်း၊<br>• မြန်မာနိုင်ငံ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ ဦးကျော်သူက ၂၀၁၅ - ၂၀၁၆ ခုနှစ်များအတွက် (၁၈) ကြိမ်မြောက်အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအဝေးများ ဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌ Dr. Francisco T. Doque III ထံသို့ လွှဲပြောင်းပေးအပ်ခြင်း၊ |